ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၄ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၇/၂၀၂၄)

ဒေါ်မေဇင်ကျော်ပါ(၈၀)ဦး (အလုပ်သမား)
(၅၅၅)အုပ်စု၊ ညောင်ကျေးရွာ၊
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဒေါ်နော်ပစော်ဖော (အလုပ်ရှင်)
Jin Chang Co.,Ltd (အထည်ချုပ်စက်ရုံ)
အမှတ်(၂၂၁)၊ ဦးအောင်သူလမ်း၊ စက်မှုဇုန်(၂)၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ် လ ၁၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ ဦးအောင်သူလမ်း၊ အမှတ်(၂၂၁)ရှိ Jin Chang Co.,Ltd (အထည်ချုပ်စက်ရုံ)မှ အလုပ်ရှင် ဒေါ်နော်ပစော်ဖော နှင့် အလုပ်သမား ဒေါ်မေဇင်ကျော်ပါ(၈၀)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အောက်ပါအတိုင်း ကောက်ချက်ချ၍ ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ ကြပါသည်-

ကောက်ချက် ။ (က) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦး အား ရက်မှန်ကြေး ၃၀၀၀၀/- ကျပ်အား (၂)ကြိမ် ခွဲပေးရန် သင့်/မသင့်။

(ခ) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦးအား အပိုထောက်ပံ့ကြေး ၃၀၀၀/- ကျပ် ပေးရန် သင့်/မသင့်။

ဆုံးဖြတ်ချက်။ (က) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦး တောင်းဆိုသော ရက်မှန်ကြေး ၃၀၀၀၀/- ကျပ်ကို ရှေ့ ((၁၅)ရက် နောက်(၁၅)ရက် (၂)ကြိမ် ခွဲပေးရန် တောင်းဆိုမှုအား ပယ်ကြောင်းဆုံးဖြတ်သည်။

(ခ) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦး အပိုထောက်ပံ့ကြေး ၃၀၀၀/-ကျပ်ပေးရန် တောင်းဆိုမှုအား ပယ်ကြောင်း ဆုံးဖြတ်သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦးမှ ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီထံသို့ အယူခံတင်ပြလျှောက်ထားခဲ့ရာ ခုံသမာဓိကောင်စီသည် ရုံးအမိန့်စာအမှတ် (၄၈/၂၀၂၄)ဖြင့် ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ ဦးထွန်းအောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးမောင်မောင်အေး (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုများကို အမြန်ဆုံး ပြေငြိမ်းပြီးပြတ်စေရေးအတွက် ၁၁-၃-၂၀၂၄ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးခဲ့ရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(က)အရ **"သက်ဆိုင်ရာ အငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"** ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့် အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ၁၁-၃-၂၀၂၄ ရက်နေ့တွင် ၎င်းတို့တင်သွင်းခဲ့သော လျှောက်ထားလွှာများ၊ ထွက်ဆိုချက်များ၊ သက်သေခံစာရွက်စာတမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များကို အသေးစိတ်လေ့လာခဲ့ပြီးနောက် ဆင်ခြင်တုံတရားဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့ကြပါသည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ်နှင့်စစ်ဆေးတွေ့ရှိချက်</u>

၄။ ယခုအငြင်းပွားမှုသည် Jin Chang Co., Ltd(အထည်ချုပ်စက်ရုံ) ပိုင်ရှင် ဒေါ်နော်ပစော်ဖော (အလုပ်ရှင်)နှင့် အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦးတို့အကြား တောင်းဆိုမှုများကြောင့် ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်ပါသည်။ အကြောင်းရင်းမှာ (၂)ချက်ရှိပြီး ရက်မှန်ကြေး ကျပ် ၃၀၀၀၀/-အား ရှေ့(၁၅)ရက်တွင် ကျပ် ၁၅၀၀၀/- နှင့် နောက် (၁၅)ရက်တွင် ကျပ် ၁၅၀၀၀/- တို့အား နှစ်ရစ်ခွဲ၍ ခံစားခွင့်ပေးရန် တောင်းဆိုမှုနှင့် အထည်အော်ဒါမရရှိသည့် ရက်များတွင် မူလလုပ်ခအပြင် အလုပ်ရှင်မှ ထောက်ပံ့ကြေး ကျပ် ၃၀၀၀/- စီ ထုတ်ပေးခံစားခွင့်ပြုရန်တို့ ဖြစ်ကြပါသည်။ အဆိုပါစက်ရုံသည် ၁၅-၆-၂၀၂၃ ရက်နေ့မှ စတင်၍ လည်ပတ်ခဲ့ပြီး လုပ်သားအင်အား ၁၀၀ ကျော် ရှိပါသည် EC စာချုပ်ချုပ်ဆိုထားပြီး လူမှုဖူလုံရေးခံစားခွင့်များ အကျုံးဝင်ပြီးဖြစ်ပါသည်။ သို့ရာတွင် စက်ရုံ၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းထားခြင်းမရှိပါကြောင်း စက်ရုံသည် Order မရသည့်အတွက် ၁၃-၂-၂၀၂၄ ရက်နေ့မှ ယနေ့တိုင် ရပ်နားထားရကြောင်း၊ အလုပ်သမားတို့မှ ၁-၂-၂၀၂၄ ရက်နေ့တွင် တောင်းဆိုချက်များ ရရှိရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့သည်ဟု သိရှိရပါကြောင်း၊ စက်ရုံသည် အထည်တစ်ထည်ကို လုပ်ကွက်ခ Ticket ကြေးဖြင့် ပေးချေဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အလုပ်သမားတို့အနေဖြင့် ကုန်ကြမ်းမရရှိ၍ (Order မရရှိ၍) တစ်ရက်လျှင် ထောက်ပံ့ကြေး ၃၀၀၀/- ကျပ် တိုးမြှင့်ပြီး မူလလုပ်ခ (နေ့စဉ် လုပ်ခ ၄၈၀၀/- + အပိုထောက်ပံ့ကြေး ၁၀၀၀/ = ၅၈၀၀/-) စုစုပေါင်း= ၈၈၀၀/- ကျပ် ခံစားခွင့်ပြုရန် တိုင်ကြားတောင်းဆိုခဲ့ပါကြောင်း သိရှိရပါသည်။ စက်ရုံအနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လမှစပြီး ခေါင်းဆောင်ပြောင်းလဲခြင်း၊ နုတ်ထွက်ခြင်းများရှိခဲ့ပြီး အော်ဒါနည်းနေသဖြင့် ကုန်ထုတ်လုပ်မှုကျဆင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၅။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အောက်ပါကောက်ချက်များကို စစ်ဆေးတွေ့ရှိချက်ပေါ်မူတည်၍ ချမှတ်ခဲ့ပါသည်-

ကောက်ချက် ။ (က) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦး အား ရက်မှန်ကြေး ၃၀၀၀/- ကျပ်အား (၂)ကြိမ် ခွဲပေးရန် သင့်/မသင့်။

(ခ) အလုပ်သမား ဒေါ်မေဇင်ကျော်ပါ (၈၀)ဦးအား အပိုထောက်ပံ့ကြေး ၃၀၀၀/- ကျပ် ပေးရန် သင့်/မသင့်။

<u>သုံးသပ်ချက်</u>

၆။ ဤအငြင်းပွားမှုသည် အလုပ်သမားတို့၏ အကျိုးခံစားခွင့်နှင့် တိုက်ရိုက် သက်ဆိုင်ခြင်း မရှိသော်လည်း အလုပ်သမားတို့၏ လုပ်ငန်းခွင်အပေါ် မူတည်၍ ပေါ်ပေါက်လာနိုင်သော နစ်နာချက်များ၊ စားဝတ်နေရေးအတွက် အော်ဒါမရရှိ၍ လုပ်ခရရှိမှုနည်းပါးခြင်းအပေါ် မူတည်၍ ပေါ်ပေါက်လာသော အကျိုးခံစားခွင့်များကို စိစစ်၍ စနစ်တကျ ပိုင်းခြား ဆုံးဖြတ်နိုင်ရန် လိုအပ်ကြောင်း သုံးသပ်ပါသည်။ ဆုကြေးပေးခြင်းအနေဖြင့် အလုပ်ရှင်မှ ယခင်ကပေးခဲ့ပြီး ၈ လပိုင်း နောက်ပိုင်း ခံစားခွင့်မပြုခဲ့ကြောင်းနှင့် (၂)ရစ်ခွဲ၍ ပေးချေရန်မှာ အခက်အခဲရှိပါကြောင်း ခုံသမာဓိအဖွဲ့ထံသို့ တင်ပြခဲ့သည်ဖြစ်ရာ နောင်(၁၀)လခန့်တွင် လုပ်ငန်းအခြေအနေတိုးတက်အောင်မြင်လာပါက ဖြေရှင်းဆောင်ရွက်ရန် ထွက်ဆိုထားခဲ့ကြောင်း တွေ့ရှိရသည်ဖြစ်၍ စောင့်ကြည့်လေ့လာရန် လိုအပ်နေပါသည်။ အကြောင်းမှာ လူဦးရေ စုစုပေါင်း (၁၀၀) ကျော်ရှိသည့်အနက် (၈၀)ဦးခန့်မှာ လုပ်ငန်းခွင်အတွင်း အော်ဒါမရှိ၍ လုပ်ကိုင်ရခြင်းမရှိဘဲ အငြင်းပွားမှုပေါ်ပေါက်လာခြင်းသည် ထူးခြားချက်ဖြစ်သည်ဟု သုံးသပ်ပါသည်။ လုပ်ခငွေကြေး အပိုင်းနှင့်ပတ်သက်၍ နေ့စဉ်လုပ်ခ ၄၈၀/- + အပိုထောက်ပံ့ကြေး ၁၀၀၀/ = ၅၈၀/- ကို အော်ဒါမရရှိ၍ ဝင်ငွေနည်းပါက အလုပ်ရှင်မှ ၃၀၀၀/- ကျပ်ဖြည့်ဆည်းတိုးမြှင့်ပေးရန် တောင်းဆိုချက်သည် လုပ်အားခ တောင်းဆိုသည့်ကိစ္စဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အစိုးရမှ ထုတ်ပြန်ထားသော အနည်းဆုံးအခကြေးငွေသတ်မှတ်ခံစားခွင့်များကို ကျော်လွန်ဖုံးလွှမ်း၍ ဆုံးဖြတ်ရန် တာဝန်မရှိပါကြောင်း စိစစ်သုံးသပ်ပါသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စိစစ်ဆုံးဖြတ်ဆောင်ရွက်ချက်များသည် သင့်လျော်မှုရှိ၍ ဥပဒေကို လိုက်နာအကောင်အထည်ဖော်ရန် ကြိုးပမ်းချက်ဖြစ်ကြောင်း စိစစ်သုံးသပ်ရရှိပါသည်။ သို့ဖြစ်၍ မိမိတို့ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည်လည်း တည်ဆဲပြဋ္ဌာန်းထား

သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ရန်အတွက် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား အတည်ပြုသင့်ကြောင်း သုံးသပ်ပါသည်။

၇။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို **၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(c)** အရ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၇-၂-၂၀၂၄ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၇/၂၀၂၄) ၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးထွန်းအောင်	ဦးသောင်းစိန်	ဦးမောင်မောင်အေး
အဖွဲ့ဝင်	ဥက္ကဋ္ဌ	အဖွဲ့ဝင်